# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## ရှမ်းပြည်လွတ်လပ်ရေးကြေညာခြင်းအပေါ်
## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏သဘောထား

ရှမ်းခေါင်းဆောင်အချို့၏ လွတ်လပ်ရေးကြေညာသည့်လှုပ်ရှားမှုသည် (နအဖ)စစ်အုပ်စု၏ ခေါင်းမာမိုက်မဲမှုကြောင့်ဖြစ်ပေါ်လာရသည့် အကျိုးဆက်တစ်ခုသာ ဖြစ်ပါသည်။ ဤလှုပ်ရှားမှုသည် မျက်မှောက်ခေတ်ကာလ ပြည်တွင်းပြည်ပနှင့် နိုင်ငံတကာအခြေအနေများအရ လက်တွေ့ကျသောလုပ်ရပ် မဟုတ်သည့်အပြင်၊ အမျိုးသားအသီးသီး ပြည်သူများ၏ဆန္ဒနှင့် ကိုက်ညီသည့်လုပ်ရပ်လည်း မဟုတ်ပေ။ ထို့ကြောင့် ဤသို့ လွတ်လပ်ရေးကြေညာသည့် လှုပ်ရှားမှုကို ကျနော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက မထောက်ခံပေ။ (နအဖ) စစ်အစိုးရအနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေးမဖြေရှင်းသမျှကာလပတ်လုံး ဤကဲ့သို့ဆိုးဝါးသည့် ရလဒ်များကိုသာ ဆက်လက်ကြုံတွေ့နေရလိမ့်မည်ဖြစ်ပြီး၊ အဆုံး၌ တိုင်းပြည် ပြိုကွဲကျဆုံးရခြင်းသာ ဖြစ်ပေါ်စေပေလိမ့်မည်။

ကျနော်တို့တိုင်းပြည်သည် လူမျိုးပေါင်းစုံနေထိုင်ပြီး၊ လူမျိုးပေါင်းစုံပြည်သူများက စုပေါင်းပိုင်ဆိုင်သောတိုင်းပြည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများအားလုံးကလည်း စစ်မှန်သောတန်းတူရေးနှင့် ဒီမိုကရေစီအပြည့်အဝရှိသည့် အခြေခံပေါ်တွင် စစ်မှန်သော ပြည်ထောင်စုနိုင်ငံတော်အဖြစ် တည်ဆောက်ရေးကို တောင်းဆိုနေကြပေသည်။

ယခုအခါ (နအဖ)စစ်အစိုးရက တဖက်သတ်အပေါ်စီးယူပြီး "ညောင်နှစ်ပင်ညီလာခံ" ဖြင့် ပုံဖေါ်ချမှတ်နေသည့် "တိုင်း(၇)ခု/ပြည်နယ်(၇)ခု အတုအယောင်ပြည်ထောင်စု" သည် လည်းကောင်း၊ ဤကဲ့သို့ "ရှမ်းပြည်လွတ်လပ်ရေးကြေညာခြင်း" သည် လည်းကောင်း တိုင်းပြည်၏ အခြေခံပြဿနာနှစ်ရပ်ဖြစ်သော စစ်မှန်သည့်ပါတီစုံဒီမိုကရေစီစနစ်ထူထောင်ရေးနှင့် စစ်မှန်သည့်တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိရေးတို့ကို မှန်ကန်စွာအကောင်အထည်ဖေါ်နိုင်မည် မဟုတ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပေသည်။

**ဗဟိုကော်မတီ**
**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)**

၁၃၆၇ ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက်။
၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၁ )ရက်။